မောင်ရှင်ကျေးရွာ
မောင်ရှင်အုပ်စု၊မြေပုံမြို့နယ်
ရခိုင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း
# (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

**စီမံကိန်းပြုစုရေးသားသည့်အဖွဲ့**
**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မောင်ရှင်ကျေးရွာ**
**(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မြေပုံမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲသည်။)**

ဧပြီလ၊ ၂၀၂၂

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာဇယား

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မောင်ရှင်ကျေးရွာသည် ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့နယ် အငူကျေးရွာအုပ်စု၊ မြေပုံမြို့နယ်၏ အရှေ့ဘက် (၅)မိုင် ခန့်တွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ မြေပုံမြို့ သို့ ရေလမ်းခရီးကိုသာ အသုံးပြုသွားလာရပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မြေပုံမြို့နယ်သည် ယေဘုယျအားဖြင့် မိုးများသောဒေသဖြစ်ပြီး အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့် မေလမှ အောက်တိုဘာလထိ ပူအိုက်စိုစွတ်ကာ အနောက်မြောက်လေ ဝင်ရောက်သည့် ဒီဇင်ဘာလမှ မတ်လအထိ အေးမြခြောက်သွေ့သော ရာသီဥတုရှိပါသည်။ သို့သော် တစ်ခါတစ်ရံ မိုးများရွာသွန်းမှုများပြားပြီး လေပြင်းမုန်တိုင်းများလည်း ရံဖန်ရံခါ ကျရောက်တတ်ပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာ ဆောက်ရွက်လျှက်ရှိကြပါသည်။ ထို့အပြင် ကျေးရွာပြင်ပမှ နိုင်ငံတကာအဖွဲ့အစည်းများလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အရပ်ဖက် လူမှုအဖွဲ့အစည်းများအကြား ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်ကြသည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်း စည်းလုံးညီညွတ်မှု ရပ်မိရပ်ဖက်များ၏ သြဇာသက်ရောက်မှုများသောကြောင့် အဖွဲ့လိုက် ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့် ရရှိထားကြသည်။ ထို့အပြင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သတ်သော အသိအမြင်ဗဟုသုတများ ဥပမာအားဖြင့် အဖွဲ့အစည်းဆိုင်ရာ သဘောတရားများ တွင် လိုအပ်ချက်များရှိနေသေးခြင်းကို မြင်တွေ့ရသည်။

ခေါင်းဆောင်မှုသဘောတရားများ၊ ငွေကြေး ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ငွေစာရင်းသင်တန်းများ ရရှိနိုင်ပါက ကျေးရွာအတွက် အထောက်အပံ့ ပိုမို ဖြစ်ပွားစေနိုင်ပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

လယ်သမားအများစုသည် အဓိကအားဖြင့် မိုးစပါးစိုက်ပျိုးကြပါသည်။ ရေသွင်းစိုက်ပျိုးရန် စိုက်ပျိုးရေအလုံအလောက် မရရှိနိုင်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ရနိုင်ခြေနည်းပါးခြင်း၊ အလုပ်သမား စရိတ်ကြီးမားခြင်း၊ ဖျက်ပိုးကျရောက်တတ်ခြင်း၊ စိုက်ပျိုးရေးနည်းပညာအလုံအလောက်မရနိုင်ခြင်း၊ ငွေကြေးအရင်းအနှီး အလွယ်တကူမရနိုင်ခြင်း၊ စက်ကိရိယာ များကိုလည်း တွင်ကျယ်စွာအသုံးမပြု နိုင်ခြင်းကိုလည်း တွေ့မြင်ရပါသည်။ သို့သော် စိုက်ပျိုးရေးတွင် စိုက်ပျိုးရေရရှိရေးသည် အဓိက အနေအထားတွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာမှုနှင့် တိုက်ရိုက်ဆက်စပ် နေပါသည်။ စိုက်ပျိုးရေးသမားများအနေဖြင့် စိုက်ပျိုးရေးနည်းပညာနှင့် နည်းပညာဝန်ဆောင်မှု လိုအပ်ချက်များ ရှိကြသည်။

**(ခ) ငါးလုပ်ငန်း**

မောင်ရှင်ကျေးရွာရှိ ကျေးရွာသူ/သားများမှာ ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ပြီး အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ပုစွန်ကန်လုပ်ငန်းများကိုလည်း အနည်းငယ် လုပ်ကိုင်ကြပါ သည်။ မြို့နယ်သမဝါယမအသင်းမှချေးငွေအချို့ကိုလည်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု များရယူချေးငှားပြီး အရင်းအနှီးပြုကြသည်။ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းပြုနိုင် ကြရန်အတွက် ငါးဖမ်းခြင်းနှင့်ပတ်သက်သော နည်းပညာအသိအမြင်များကို မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှ ထိုအိမ်ထောင်စုများအားပို့ချပေးသင့်သည်။

## ၃။ မွေးမြူရေး

အဓိကမွေးမြူသည့် မွေးမြူရေးတိရစ္ဆာန်များမှာ ကျွဲ၊ နွား၊ဝက်၊ကြက် စသည်တို့ဖြစ်ကြသည်။ ကျေးရွာတွင် တနိုင်တပိုင်လုပ် ကြက်၊ဘဲ၊ဝက်မွေးမြူရေး လုပ်ကိုင်နေသူများကိုလည်း တွေ့ရပါသည်။ ကြက်နှင့်ဝက်မွေးမြူရေးပိုမိုဖွံ့ဖြိုးလာစေရန် မွေးကုဦးစီးဌာနမှ နည်းပညာနှင့် ဝန်ဆောင်မှုများဖြင့် အရှိန်မြှင့်ပြီး ကူညီပေးသင့်ပါသည်။ မွေးမြူရေးသမားများအနေဖြင့် မွေးမြူရေးနည်းပညာနှင့် နည်းပညာဝန်ဆောင်မှု လိုအပ်ချက်များရှိကြသည်။

## ၄။ စိုက်ပျိုးရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရာတွင် လုပ်သားအင်အားမရရှိနိုင်မှု၊ ဈေးကွက်သို့ လက်လှမ်းမှီမှုအားနည်းခြင်း စသော အဆင်မပြေမှု ကြုံတွေ့ရတတ်ပါသည်။ ထို့ပြင် နည်းပညာဆိုင်ရာ အထိအတွေ့အားနည်းခြင်း၊ အရင်းအနှီးငွေများအားနည်းခြင်း၊ ချေးငွေရယူနိုင်သည့် အခွင့်အလမ်းများအားနည်းခြင်း စသည်တို့ကိုလည်းတွေ့မြင်ရပါသည်။ ထို့ကြောင့် စိုက်ပျိုး မွေးမြူရေး လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှု အားနည်းနေဆဲဖြစ်ပါသည်။

### (ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများ အားလုံးသည် မြေသားရေကန်မှရေကို အဓိကထားသုံးစွဲကြပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးလက်နေပြည်သူများအတွက် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းနှင့် သမဝါယမဦးစီးဌာနမှ သမဝါယမအသင်းအဖွဲ့များသို့ ချေးငွေထုတ်ချေးခြင်းတို့သည် အဓိက ချေးငွေရရှိရာ လမ်းကြောင်းများဖြစ်သည်။ ကျေးလက်ဒေသတွင် ချေးငွေလိုအပ်မှုအနေအထားမှာ

ယေဘုယျအားဖြင့် အတော်အသင့်မြင့်မားသည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ဘဏ်များအနေဖြင့်လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများမရှိသလောက် အားနည်းဆဲဖြစ်ကြောင်းကို ဖော်ပြလိုခြင်းဖြစ်သည်။

**(င) ပညာရေး**

ကျောင်းနေအရွယ်ကလေးအများစုမှာ ကျောင်းပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမှီကြသည်။ ကလေးသူငယ်များ၏ ကျောင်းနေရန်အတွက် အခက်အခဲပြဿနာများမှာ ကျောင်းသားမိဘများ ဆင်းရဲနွမ်းပါးသဖြင့် ကလေးငယ်များ၏ ပညာရေးမှာ စိတ်ပါဝင်စားမှု အားနည်းခြင်းကိုလည်းတွေ့ရှိရပါသည်။ လူငယ်များမှာ အလုပ်အကိုင်ရှားပါးမှုနှင့် သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးပြီး လုပ်ငန်းဖော်ဆောင်နိုင်ရန် လိုအပ်သော ရင်းနှီးငွေ/ချေးငွေပါ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများဖွင့်လှစ်ဆောင်ရွက်နိုင်ပါက ဝင်ငွေ အသင့်အတင့် ရလာနိုင်ကြပါမည်။

**(စ) ကျန်းမာရေး**

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိခြင်းကြောင့် ကျေးရွာသူ/ကျေးရွာသားများမှာ ကျန်းမာရေးကိစ္စ အရေးကြုံလာလျှင် ရွာနှင့်(၃)မိုင်ခန့်ဝေးသည့် ဒိုင်းဘုံကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကုသရပါသည်။ ကျေးရွာအတွင်း အများဆုံးဖြစ်တတ်သော ရောဂါမှာ ဝမ်းလျှော၊ ဝမ်းကိုက် တို့ဖြစ်သည်။ ကျေးရွာတွင် ဆေးဝါးအကူအညီ အထောက်အပံ့ရရှိနိုင်ရန်လည်း လိုအပ်ပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးအပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ ၇% ခန့်သာ ရှိပါသည်။ ရေကြောင့်ဆက်စပ်ဖြစ်ပွားသော ရောဂါများ အထူးသဖြင့် ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများမှာ အသင့်အတင့် ဖြစ်လေ့ဖြစ်ထရှိနေတုန်းဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး ပညာပေးမှုများမှာလည်း အတော်အသင့်လိုအပ်ဆဲဖြစ်သည်။

**(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်း မြေသြဇာများ အသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်း တို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာ ဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသည် ရေကြီးရေလျှံမှုများ နှစ်စဉ်အလိုလို ကြုံတွေ့ရပြီး စပါးစိုက်ခင်းများ နှစ်စဉ်ရေမြှုပ်ခံရသောကြောင့် အချို့တောင်သူများ၏ စပါးခင်းများ ရေနစ်ပျက်စီး၍ နောက်တစ်ကြိမ်ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ကြရပါသည်။

**(ဇ) ကျား-မ ရေးရာ**

မြေပုံမြို့နယ်၊ မောင်ရှင်ကျေးရွာတွင်လည်း မိဘများသည် သားသမီးများကို ပညာသင်ကြားမှု အပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ်တွင် ခွဲခြားသတ်မှတ်ခြင်း မရှိတော့ဘဲ တန်းတူ ပညာသင်ကြားခွင့် ရှိကြပါသည်။ မိသားစု စားဝတ်နေရေးအခြေအနေအလိုက်သာ ပညာသင်ကြားခွင့် ကိုသက်ရောက်မှု ရှိစေနိုင်ပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျား၊မ ခွဲခြား ဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာသာရေး/ နာရေး ကိစ္စရပ်များတွင်လည်း အမျိုးသမီးများ တက်တက်ကြွကြွပါဝင်ဆောင်ရွက် သော်လည်း အိမ်မှုကိစ္စများကို ဦးစားပေးဆောင်ရွက်မှု များပြားသဖြင့် ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အားနည်းသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာအုပ်ချုပ်ရေး အပိုင်းတွင် အမျိုးသမီးပူးပေါင်းပါဝင်မှုအားနည်းရခြင်းမှာ မြန်မာဓလေ့ ထုံးတမ်းတွင် အမျိုးသားများမှ မိသားစု ဝင်ငွေရှာဖွေရေးများကို အဓိက လုပ်ဆောင်ကြပြီး အမျိုးသမီး များမှာ အိမ်မှုကိစ္စအများစုကို လုပ်ဆောင်ရသည့် အလေ့အထ လွှမ်းမိုးနေသောကြောင့်ဟု ယူဆရပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကွန်ကရစ်လမ်း | ၁ |
| ၂ | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၅ |
| ၃ | အခြေခံအဆောက်အဦ | ဆိပ်ခံတံတားတည်ဆောက်ခြင်း | ၂ |
| ၄ | ငွေကြေး | အရင်းအနှီးချေးငွေရရှိနိုင်ရေး | ၃ |
| ၅ | ကျန်းမာသန့်ရှင်းရေး | ယင်လုံအိမ်သာ | ၄ |

# နောက်ဆက်တွဲ (၁)

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(မောင်ရှင်ကျေးရွာ)**

| စဉ် | လက်ရှိအခြေအနေ အခက်အခဲပြသနာ | အခက်အခဲပြသနာများကိုဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေနေများ | အတားအဆီး၊အဟန့် အတား များနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည် ဖော်ရန်စီမံချက်များ နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး | | | | | |
| | မိုးရာသီလမ်းပျက်စီးခြင်း<br>ပြောင်းရွှေ့လုပ်အားခ ငွေကြေးအကုန်အကျများခြင်း | -မိုးကြီး၍ ရေလျှံခြင်း<br>-မြေသားလမ်း ဖြစ်နေခြင်း<br>-ကုန်တင်ထော် လာယာဉ်များ သွားလာမှုများခြင်း | -ကျေးရွာအဝင်လမ်း မြေသားလမ်းပြုလုပ်ထားခြင်း<br>-ကျေးရွာမှ လုပ်အား ပူးပေါင်းပါဝင်နိုင်ခြင်း | -ကုန်ပစ္စည်းများဈေးကွက်သို့အချိန်မှီ မရောက်နိုင်ခြင်း<br>-အကျိုးအမြတ်နည်းပါးခြင်း | -ကျေးလက်ဦး စီးဌာနနှင့် ပူးပေါင်းချိတ် ဆက်ဆောင် ရွက်ရန် | ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း |
| ၂ | ပညာရေး | | | | | |
| | -ကျောင်းအဆောက် အဦများမလုံလောက်ခြင်း<br>-တတ်မြောက်မှုအရည် အသွေးညံ့ဖျင်းခြင်း | -ကျောင်းသားဦး ရေတိုးလာခြင်း<br>-<br>ကျောင်းအဆောက် အဦဟောင်းနွမ်း ယိုယွမ်းမှုဖြစ်လာ ခြင်း | -ပူးပေါင်းပါဝင်ဆောင် ရွက်ရခြင်း<br>-ဝိုင်းဝန်းကူညီထောက် ပံ့ပေးခြင်း | မြေနေရာမလုံ လောက်ခြင်း<br>-ဆင်းရဲသူများငွေ ကြေးထောက်နိုင် ခြင်း | -ပညာရေး ဌာနနှင့်ချိတ် ဆက်၍လိုအပ် ချက်များ တင်ပြတောင်း ဆိုခြင်း | -အထောက်အကူ ပစ္စည်းပြည့်စုံစွာ ပံ့ပိုးခြင်း၊ ကျောင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာ ဖန်တီးခြင်း<br>-ဘက်စုံတော်စေ သည့်ကျောင်းအဖြစ် ဖန်တီးတည်ဆောက် ခြင်း |
| ၃ | သောက်သုံးရေ | | | | | |
| | -သောက်သုံးရေ မလုံလောက်ခြင်း | -ရေကန်များနည်း ပါးခြင်း<br>-လူဦးရေများခြင်း<br>-ရာသီဥတုဖောက် ပြန်၍ရေရှားလာ ခြင်း | -ရေကန်အတွက် မြေတည်နေရာရှိခြင်း၊ ရေကော်မတီထားရှိ ခြင်း | -ငွေကြေးများနည်း ပါးခြင်း<br>-ရေအရင်းအမြစ် ရှားခြင်း | -မြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ တင်ပြ တောင်း ဆိုခြင်း | -မြေသားရေကန် တူးဖော်ရန် |
| ၄ | ကျန်းမာရေး | | | | | |
| | -ရာသီအလိုက်ဖြစ် သောရောဂါများခြင်း (ဝမ်း၊သွေးလွန်)<br>-ကျန်းမာရေးဆိုင်ရာ အသိပေးအားနည်းခြင်း | -သောက်သုံးရေမ သန့်ရှင်းမှု၊ ရောဂါ ဖြစ်မှုကိုအားပေး နေခြင်း<br>-အာဟာရချို့တဲ့ ခြင်း | -ဆေးဝါးအကူအညီ အထောက်အပံ့ရရှိ နိုင်ခြင်း | -ဆေးရုံ၊ဆေးခန်းနှင့် ဝေးကွာ၍ သွားလာ ရန်အခက်အခဲ ရှိမှု | -ကျန်းမာရေး ရာအဆောက် အဦး၊ပစ္စည်း ကိရိယာများ ပြည့်စုံစွာဖြည့် ဆည်းပေးခြင်း<br>-ရေသန့်ရှင်း ရေးပံ့ပိုးမှုများ ကိုကျေးလက် ဦးစီးဌာနမှချိတ် ဆက်လုပ်ကိုင် ခြင်း | -ကျန်းမာရေးပညာ ပေးခြင်းနှင့်သင်တန်း များဖွင့်ပေးခြင်း<br>-ကျန်းမာရေးဆိုင်ရာ အဆောက်အဦး၊အသုံး အဆောင်နှင့်ဝန်ထမ်း များရရှိအောင်တောင်း ဆိုခြင်း |